**(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)**

**ဖီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**၁၃၈၅ ခုနှစ်၊ နတ်တော်လဆုတ် ၇ ရက်**

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၃ ရက်**

**အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့် ကြော်ငြာစာအမှတ်( ၂ /၂၀၂၄)**

၁။ ဖီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ် (၁.၄.၂၀၂၄) မှ (၃၁.၃.၂၀၂၅)အထိ (၁)နှစ်တာကာလအတွက် ရောင်းချမည်ဖြစ်သော အရပ်ရပ်အခွင့်အရေး လိုင်စင်များအနက် အပေါင်ဆိုင်လိုင်စင်များ နှင့် မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် အား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ သားသတ်အခွင့်အရေးလိုင်စင်များအား သီးခြားညွှန်ကြား ချက်ထုတ်ပြန်ပြီးမှ ညွှန်ကြားချက်ပါအတိုင်း ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ အခြားလိုင်စင် များအား ဈေးပြိုင်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

(က) ရောင်းချမည့်နေ့ရက်များ- (၁၅.၁.၂၀၂၄) တနင်္လာနေ့ (ပထမအကြိမ်)
- (၂၂.၁.၂၀၂၄) တနင်္လာနေ့ (ဒုတိယအကြိမ်)
- (၂၉.၁.၂၀၂၄) တနင်္လာနေ့ (တတိယအကြိမ်)
- (၇.၂.၂၀၂၄) ဗုဒ္ဓဟူးနေ့ (ချိတ်ပိတ်တင်ဒါ)
- (၁၄.၂.၂၀၂၄) ဗုဒ္ဓဟူးနေ့ (အခြားနည်း)

(ခ) ရောင်းချမည့်အချိန် - နံနက် (၁၀:၀၀)နာရီ

(ဂ) ရောင်းချမည့်နေရာ - မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ၊ ဖီးကုန်းမြို့

၂။ လျှောက်လွှာတင်သွင်းလိုသူသည် အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာ၊ အထွေထွေစည်းကမ်း၊ လိုင်စင်စည်းကမ်း(၁)စုံလျှင်(ကျပ်-၁၅၀၀၀/-)(ကျပ်-တစ်သောင်းငါးထောင် တိတိ)ဖြင့် အဖွဲ့ရုံး၌ ဝယ်ယူနိုင်ပြီး သတ်မှတ်ထားသည့် လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာပုံစံအား ပြည့်စုံစွာဖြည့်စွက်၍ လိုင်စင်ရောင်းချမည့်နေ့မတိုင်မီ (၁၂.၁.၂၀၂၄)ရက်နေ့ (၁၅)နာရီအတွင်း (POP) ပေးသွင်းပြီး အောက်ပါစာရွက်စာတမ်းများနှင့်အတူ တင်သွင်းရမည်။

(က) အမှုဆောင်အရာရှိ ရာထူးအမည်ဖြင့် ပူးတွဲဖော်ပြပါ စားပွဲတင်အာမခံငွေ ပေးသွင်းထားသည့် ငွေထုတ်ယူခွင့်အမိန့် (POP)၊

(ခ) မိမိနေထိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်၊

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်၊

(ဃ) မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းလဝက(၆၆/၆)ပုံစံမူရင်း၊

(င) ဆွဲဝယ်သည့်လိုင်စင်သည့်လိုင်စင်တန်ဖိုးထက် လျော့နည်းမှုမရှိသည့် ငွေစု

စာအုပ်မူရင်း(သို့) ငွေစုလက်မှတ်မူရင်း(သို့) မိမိပိုင်ဆိုင်သည့် အိမ်မြေဂရန် မူရင်း(အခြားသူပိုင်ဆိုင်ပစ္စည်းအား (Special Power) ဖြင့် လွှဲအပ်သည့် အိမ်မြေဂရန်မဖြစ်စေရ)၊

(စ) အိမ်မြေဂရန်တင်ပြပါက အိမ်မြေဂရန်နှင့်အတူ အလားလေးဘက် ဓါတ်ပုံ(၄)ပုံ မိမိနေထိုင်ရာ မြို့နယ်စည်ပင်သာယာတန်ဖိုးဖြတ်အဖွဲ့၏ စိစစ်တန်ဖိုးဖြတ် မှုအပေါ် အမှုဆောင်အရာရှိ၏ ထပ်ဆင့်ထောက်ခံချက်၊

(ဆ) မိမိနေထိုင်ရာ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်(သို့) အခွန်နှင့်ပတ်သက်၍ လုံလောက်သည့်အစီအမံ ပြုလုပ် ပြီးကြောင်း ထောက်ခံချက်၊

(ဇ) အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်သူသည် ဗိုးကုန်းမြို့နယ်အတွင်းမှာ မဟုတ်ဘဲ အခြားမြို့နယ်များမှ ဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့၏ အခွန်ကင်းရှင်းကြောင်း အမည်ပျက်စာရင်းဝင်နှင့် အမည်ပျက်မိသားစုစာရင်းဝင် မဟုတ်ကြောင်း ထောက်ခံချက်၊

၃။ အရပ်ရပ်အခွင့်အရေးလိုင်စင်မအောင်မြင်သူများအား စားပွဲတင်အပ်ငွေကို အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချခြင်းပြီးဆုံး၍ (၁၀)ရက်ပြည့်မှ သာသတ်မှတ်ချက်နှင့်အညီ စီစစ်၍ ပြန်လည်ထုတ်ယူခွင့်ပြုမည်ဖြစ်ပြီး အရပ်ရပ်အခွင့်အရေးလိုင်စင်အောင်မြင်သူများအား အဖွဲ့သို့ပေးသွင်းရမည့်ငွေနှင့် ခုနှိမ့်ပေးသွင်းခွင့်ပြုမည်။

၄။ အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချသည့်နေ့တွင် လျှောက်ထားသူကိုယ်တိုင် (ကိုယ်တိုင်)တက်ရောက်ရမည်ဖြစ်ပြီး သတ်မှတ်ချိန်ထက်နောက်မကျဘဲ ကြိုတင်ရောက်ရှိနေရ မည်။အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်ခြင်းနှင့်ပတ်သက်၍ အသေးစိတ်ကိုသိလိုလျှင် ရုံးချိန် အတွင်း ဖုန်းနံပါတ် ၊ ဝ၅၃-၃၄ဝ၁၂ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
(မျိုးဇင်ဝင်း၊ ဦးစီးအရာရှိ)

စာအမှတ်၊ ဝ၃၀ / ဃ-၂ / ဇက-၁ ( ဝဝ၁ )
ရက်စွဲ ၊ ၂ဝ၂၄ ခုနှစ် ၊ ဇန်နဝါရီလ ၃ ရက်

ဖြန့်ဝေခြင်း

၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် လိုင်စင်စီများအားလုံး

အဖွဲ့ရုံး/ ဈေးကြော်ငြာသင်ပုန်း၊ဇီးကုန်းမြို့

မိတ္တူကို

ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့

ဥက္ကဋ္ဌ၊ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့

ဥက္ကဋ္ဌ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဇီးကုန်းမြို့

ဥက္ကဋ္ဌ၊မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် အဖွဲ့ဝင်များအားလုံး၊ဇီးကုန်းမြို့

အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၊ ---------- မြို့

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊-------------ရပ်ကွက်/ကျေးရွာ၊ ဇီးကုန်းမြို့

ကြော်ငြာဖိုင်

ရုံးလက်ခံ

မျှောစာတွဲ

## ဖီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်အတွက် ရောင်းချမည့် အရပ်ရပ်အခွင့်အရေး လိုင်စင်များ

ကျပ်သိန်း

| စဉ် | လိုင်စင်အမျိုးအစား | ကြမ်းခင်းဈေး | စားပွဲတင် အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| | **သက်တမ်းတိုးစနစ်ဖြင့် ရောင်းချမည့်လိုင်စင်များ** | | | |
| ၁ | အပေါင်ဆိုင်(၁)လိုင်စင် | ၄၈.၉၅ | ၂၄.၄၇၅ | |
| ၂ | အပေါင်ဆိုင်(၂)လိုင်စင် | ၃၂.၀၁ | ၁၆.၀၀၅ | |
| ၃ | အပေါင်ဆိုင်(၃)လိုင်စင် | ၂၆.၉၅ | ၁၃.၄၇၅ | |
| ၄ | အပေါင်ဆိုင်(၄)လိုင်စင် | ၃၂.၅၆ | ၁၆.၂၈ | |
| ၅ | အပေါင်ဆိုင်(၅)လိုင်စင် | ၃၄.၉၅ | ၁၇.၄၇၅ | |
| ၆ | မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင် | ၁၇၆၆.၉၀ | ၈၈၃.၄၅ | |
| | | | | |
| | **ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည့်လိုင်စင်များ** | | | |
| ၇ | မြို့မဈေးကောက်လိုင်စင် | ၂၈၃.၈၀ | ၁၄၁.၉၀ | |
| ၈ | မြို့မဈေးစက်ဘီးထိန်းလိုင်စင် | ၅၀.၆၀ | ၂၅.၃၀ | |
| ၉ | မင်္ဂလာရေကန်ရေစည်ကောက်လိုင်စင် | ၁၂၆.၅၀ | ၆၃.၂၅ | |
| ၁၀ | မြို့မဈေးအိမ်သာကောက်လိုင်စင် | ၈၈.၀၀ | ၄၄.၀၀ | |
| ၁၁ | ယာဉ်ရပ်နားခွန်ကောက်လိုင်စင် | ၂၂.၀၀ | ၁၁.၀၀ | |
| ၁၂ | နွားပွဲဈေးလိုင်စင် | ၅၂၃.၆၀ | ၂၆၁.၈၀ | |
| ၁၃ | နွားပွဲဈေးစက်ဘီးထိန်းလိုင်စင် | ၁၉.၂၅ | ၉.၆၂၅ | |
| | | | | |